မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၂ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် ( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် )

### ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ၇၇ × ၇၈ လမ်းကြား၊ ၃၁ လမ်း၊ အမှတ်-၁ နေ ဟွန်ဒါ (မြန်မာ) အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးလီစန်းရှင်း (ခ) ဦးတင်မောင် [၉/မရမ (နိုင်) ၀၅၈၀၈၄] အား ရှမ်းပြည်နယ် (လားရှိုး)၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်၊ နန့်လှိုင်ကြီးဝိုင်း၊ အကွက်အမှတ် ၁၆ အတွင်း ကျွန်းစိုက်ခင်း ၅၀၀ ဧကကို တစ်ဖက်ဇယားပါ စာတိုင် (၄) ရှိ

ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြု လိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်း | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | နန့်လှိုင်ကြိုးဝိုင်း | ၁၆ | ၅၀၀ | ၂၀၁၃-၂၀၁၄ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သီရိမွန်လုံးချင်းအိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် - ၂၂ နေ ဝွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးလှဦး [၁၃/ကခန (နိုင်) ၀၂၀၂၈၈] အား ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ တောင်မြန်အောင်ကြိုးဝိုင်း

အတွင်း ကျွန်းစိုက်ခင်း ၅၀၀ ဧကကို အောက်ပါဇယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၄၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်း | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | တောင်မြန်အောင် | - | ၅၀၀ | ၂၀၁၃-၂၀၁၄ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၁၀ ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် - ၅၆ နေ မြတ်မင်းကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဖြိုးလှဝေ [၁၂/လမန (နိုင်) ၀၀၈၂၇၂] အား ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ စိုင်းရကြိုးဝိုင်း၊ အကွက်

အမှတ် ၅၃ အတွင်း ကျွန်းစိုက်ခင်း ၅၀၀ ဧကကို အောက်ပါဇယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်း** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့် ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | စိုင်းရကြိုးဝိုင်း | ၅၃ | ၂၀၀ | ၂၀၁၃-၂၀၁၄ |
| ၂။ | စိုင်းရကြိုးဝိုင်း | ၅၃ | ၂၀၀ | ၂၀၁၄-၂၀၁၅ |
| ၃။ | စိုင်းရကြိုးဝိုင်း | ၅၃ | ၁၀၀ | ၂၀၁၅-၂၀၁၆ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

**ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အစားထိုးပြောင်းလဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးငင်ဒိုင်ထန် အစား ဒေါ်ကျင်းဒိုးညန်အား စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၇/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် )

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၁)၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄/၂၀၁၁)၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၂/၂၀၁၂) နှင့် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၂/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၂၆၀၃<br>ဒုတိယဗိုလ်မှူးကြီးရဲထွန်း | (အစား) | ကြည်း ၁၇၉၆၉<br>ဒုတိယဗိုလ်မှူးကြီးချစ်ဝင်း |
| (၂) | ကြည်း ၂၀၉၉၁<br>ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်း | (အစား) | ကြည်း ၂၀၆၆၂<br>ဒုတိယဗိုလ်မှူးကြီးလွင်ဦး |
| (၃) | ကြည်း ၂၁၉၀၉<br>ဒုတိယဗိုလ်မှူးကြီးတင်မိုး | (အစား) | ကြည်း ၂၂၄၈၂<br>ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ညွန့် |
| (၄) | ကြည်း ၂၁၄၇၀<br>ဒုတိယဗိုလ်မှူးကြီးဝင်းနိုင် | (အစား) | ကြည်း ၂၄၉၂၀<br>ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ |
| (၅) | ကြည်း ၂၁၁၇၄<br>ဒုတိယဗိုလ်မှူးကြီးထင်ကျော်စိုး | (အစား) | ကြည်း ၁၉၅၁၆<br>ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင် |
| (၆) | ကြည်း ၁၇၆၇၈<br>ဒုတိယဗိုလ်မှူးကြီးမြင့်မော် | (အစား) | ကြည်း ၂၇၀၁၅<br>ဒုတိယဗိုလ်မှူးကြီးအောင်မြတ်သိန်း |
| (၇) | ကြည်း ၂၇၀၂၅<br>ဗိုလ်မှူးမိုးသူ | (အစား) | ကြည်း ၃၃၅၀၄<br>ဗိုလ်မှူးမင်းဇော်လင်း |
| (၈) | ကြည်း ၂၉၅၁၆<br>ဗိုလ်မှူးကျော်မြင့်အောင် | (အစား) | ကြည်း ၃၃၅၀၅<br>ဗိုလ်မှူးဇော်လှိုင်ဝင်း |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၁) နှင့် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၂/၂၀၁၂) တွင် ဖော်ပြ ထားသည့် အောက်ပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦးအား ယှဉ်တွဲဖော်ပြပါ အတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၄၇၀၈<br>ဒုတိယဗိုလ်မှူးကြီးကျော်ကျော်မိုး | (အစား) | ကြည်း ၂၈၁၄၈<br>ဒုတိယဗိုလ်မှူးကြီးဇော်လင်း |
| (၂) | ကြည်း ၂၆၉၈၆<br>ဗိုလ်မှူးမြင့်စိုး | (အစား) | ကြည်း ၃၃၅၀၉<br>ဗိုလ်မှူးရဲဝင့်စိုး |
| (၃) | ကြည်း ၂၈၂၈၈<br>ဗိုလ်မှူးမင်းရဲထွေး | (အစား) | ကြည်း ၃၅၃၅၇<br>ဗိုလ်မှူးသက်ဝင်း |
| (၄) | ကြည်း ၃၂၃၈၄<br>ဗိုလ်မှူးနေလင်းအောင် | (အစား) | ကြည်း ၃၁၄၀၁<br>ဗိုလ်မှူးသန်းထွန်းမြင့် |
| (၅) | ကြည်း ၃၂၃၆၃<br>ဗိုလ်မှူးဇော်နေလင်း | (အစား) | ကြည်း ၂၀၅၉၂<br>ဗိုလ်မှူးသန်းထိုက် |

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**[ ယခင်အပတ် ရန်ကုန်တိုင်းဒေသကြီး ကုန်တင်ကုန်ချအလုပ်သမားဥပဒေကြမ်းမှအဆက် ]**

၇။ ( ဓ ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးများ တိုးချဲ့ဖွဲ့စည်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ မူသတ်မှတ်ခြင်း၊

( န ) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးရုံးများ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက် နိုင်ရန်အတွက် လုပ်ငန်းခွင့်ပြုချက်ရရှိသူများနှင့် အလုပ်သမားမှူး အဆင့်ဆင့်တို့၏အဖွဲ့ဝင်များကို အခြေခံလျက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ပ) တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းနှင့်သက်ဆိုင်သည့် အလံပုံစံ၊ အလံအရွယ်အစား၊ ရုံးတံဆိပ်၊ ရင်ထိုး၊ လက်မောင်းတံဆိပ်နှင့် ဝတ်စုံ (Uniform) များကို သတ်မှတ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုပြဋ္ဌာန်းခြင်း။

၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ သက်သာချောင်ချိရေးတို့အတွက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(ခ) မြို့နယ်အတွင်း၌ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဂ) မြို့နယ်အလိုက် သတ်မှတ်ထားသည့် အနည်းဆုံးနှင့်အများဆုံး လုပ်သားအင်အားသတ်မှတ်ချက်များ၊ ကရုဏာကြေးသတ်မှတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ပြုစု၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဃ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံး၏ လစဉ်ရန်ပုံငွေစုဆောင်းရရှိမှုနှင့် အသုံးစရိတ်များသုံးစွဲမှုများကို ငွေစာရင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(င) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအတွက် ဒေသန္တရကုန်ဈေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခနှုန်းထားများ တိုးမြှင့်ရန် လိုအပ်လာပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ ဆက်စပ်ပတ်သက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး သင့်တင့်လျောက်ပတ်သည့် ကုန်တင်ကုန်ချလုပ်ခဈေးနှုန်းများကို ပြင်ဆင်သတ်မှတ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်ပြခွင့်ပြုချက်ရယူပြီး တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(စ) ကုန်တင်ကုန်ချလုပ်ခဈေးနှုန်းများ ညှိနှိုင်းဆောင်ရွက်ရာတွင် မြို့နယ်အဆင့်နှင့် မပြီးပြတ်ပါက တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ ဆက်လက်ညှိနှိုင်းပေးရန်အတွက် တင်ပြဆောင်ရွက်ခြင်း၊

(ဆ) မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေ (ကော်မတီရန်ပုံငွေ) စာရင်းကို ဥက္ကဋ္ဌမှ တာဝန်ယူရေးဆွဲ၍ တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဇ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးလက်အောက်ရှိ (ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးရုံးများ) လုပ်ငန်းဌာနခွဲများအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဈ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာ ညွှန်ကြားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၉။ ၁၉၅၉ ခုနှစ် အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959) အရလည်းကောင်း၊ ယင်းအမိန့်တို့အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်း

ကုန်တင်ကုန်ချအလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများအရလည်းကောင်း လုပ်ကိုင်လျက်ရှိသော တိုင်းဒေသကြီးအစိုးရအဖွဲ့လက်အောက်ရှိ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးများသည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဖွင့်လှစ်ထားသည့်အတိုင်း ကုန်တင်ကုန်ချလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ရှိရမည်။

၁၀။ ကုန်တင်ကုန်ချအလုပ်သမား (၅၀) ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ (၄) လရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော (သို့မဟုတ်) လုပ်ကိုင်လိုသော အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာမြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ်ထောက်ခံတင်ပြချက်နှင့်အတူ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ ခွင့်ပြုချက်လျှောက်ထားရမည် -

(က) ကားကြီးရပ်ကွင်းများ၊ ဈေးများ၊ ပွဲရုံများ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံစသည့် အများပြည်သူသွားလာရေးဆိုင်ရာနေရာဌာနများရှိ ပုဂ္ဂလိကအဖွဲ့အစည်းများက ကြီးကြပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်း၊

(ခ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော ဈေးများ၊ လေလံရကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများရှိ ကုန်တင်ကုန်ချလုပ်ငန်း၊

(ဂ) အစိုးရဌာနမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်း၊

(ဃ) နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသည့် ဌာန၊ အဖွဲ့အစည်းများရှိ ကုန်တင်ကုန်ချလုပ်ငန်း။

၁၁။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ (၁၀) အရ လျှောက်ထားခြင်းကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၂။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာမြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲ (ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးရုံး) တစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ထုတ်ပေးထားသော ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုချက်ကို အကြောင်းတစ်ရပ်ရပ်ကြောင့် လိုအပ်ပါက သတ်မှတ်ကာလမတိုင်မီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၆)

## ကုန်တင်ကုန်ချကော်မတီရုံးများကို ဖျက်သိမ်းခြင်း

၁၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးတစ်ခုခုသည် လမ်းပန်းဆက်သွယ်မှုအခြေအနေပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာပြောင်းရွှေ့ခြင်းအပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းများလျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက်သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့်အခြေအနေမျိုး ကြုံတွေ့လာပါက ထိုအခြေအနေကို အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးသို့ တင်ပြ၍ ဖျက်သိမ်းခွင့်တောင်းခံရမည်။

၁၅။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ (၁၄) အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်သည်။

၁၆။ ပုဒ်မ (၁၅) အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးသည် မိမိပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်း ဖျက်သိမ်းရမည်။

၁၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ယင်းသို့ ဖျက်သိမ်းပြီးစီးကြောင်းကို စာရင်းရှင်းတမ်းအပြည့်အစုံဖြင့် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ အစီရင်ခံတင်ပြရမည်။

၁၈။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံး၏ စာရင်းရှင်းလင်းဖျက်သိမ်းပြီးစီးမှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၇)
## သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးနှင့် လက်အောက်ရှိ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးများသည် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေး အတွက် သက်သာချောင်ချိရေးရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရေး ကြီးကြပ် ကွပ်ကဲဆောင်ရွက်ရ၍ အလုပ်သမားများ၏သက်သာချောင်ချိရေး အကျိုးခံစားခွင့်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငွေလက်ငင်းအကျိုးခံစားခွင့်တွင် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့်၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှနုတ်ထွက်မှုဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာခံစားခွင့်၊ မီးဖွားမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်များကို ခံစားစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သောမြို့နယ်ဖြစ်ပါက ထိုအလုပ်သမားသည် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးမဝင်သော အလုပ်သမားဖြစ်ပါက မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိစေရမည်။

(ခ) လုပ်ငန်းခွင်အတွင်း သက်သာချောင်ချိရေးခံစားခွင့်ရရှိစေရန် လိုအပ်သော လုပ်ငန်းခွင်သုံး ကိရိယာများ လုံလောက်စွာစီစဉ်ထားရှိခြင်း၊ သန့်ရှင်းစင်ကြယ်သော သောက်သုံးရေများ လုံလောက်စွာထားရှိခြင်း၊ ရှေးဦးသူနာပြုသေတ္တာနှင့် လိုအပ်သောဆေးဝါးများ စီစဉ်ထားရှိခြင်း၊ တူညီဝတ်စုံများထုတ်ပေးခြင်းများကို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းခွင်ပြင်ပ သက်သာချောင်ချိရေးခံစားခွင့်များ ရရှိစေရန် လုပ်သားများ အားလပ်ချိန်တွင် နားနေနိုင်ရန် အလုပ်သမားရိပ်သာများ ဆောက်လုပ်ပေးခြင်း၊ ကွပ်ပျစ်/ဖယောင်းပုဆိုး/ဖျာများ စီစဉ်ပေးခြင်း၊ သန့်စင်ခန်း/ရေချိုးခန်းများ လုံလောက်စွာစီစဉ်ပေးခြင်း၊ ဗဟုသုတတိုးပွားစေရန် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ဂြိုဟ်တုရုပ်သံဖမ်းစက်များ စီစဉ်ထားရှိခြင်း၊ စာကြည့်တိုက်/ စာဖတ်ခန်းများ စီစဉ်ထားရှိခြင်းတို့ကို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေးရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးနှုန်း သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးနှုန်းသတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)
## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း

၂၂။ သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းပမာဏများနှင့် လုပ်ငန်းလုပ်ကွက်များကို အခြေခံ၍ သယ်ယူပို့ဆောင်မှုနှင့် အတင်အချလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏ လုပ်အားကို မျှတစေရန်၊ အလုပ်သမားတစ်ဦးစီ၏လုပ်ခဝင်ငွေများ လျော့နည်းကျဆင်းမှုမရှိစေရန်တွက် မြို့နယ်အလိုက် ရှိသင့်သည့် အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံးလုပ်သားအင်အားသတ်မှတ်ချက်များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးသည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၂၃။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံး လုပ်သားအင်အားသတ်မှတ်ချက်များမှ လုပ်ငန်းအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေး အတွက် (၁) နှစ် တစ်ကြိမ် စိစစ်သုံးသပ်၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြရမည်။ အင်အားသတ်မှတ်ချက်ပြောင်းလဲရန် လိုအပ်လာပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ဆုံးဖြတ်ချက်ရယူကာ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ပြင်ဆင်အတည်ပြုချက် ရယူရမည်။

## အခန်း (၉)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၄။ လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏အင်အားကို မထိခိုက်စေရန် **ILO Convention 127** အရ **Recommendation 128** တွင် သတ်မှတ်ထားသည့် အောက်ဖော်ပြပါ အလေးချိန်များအတိုင်း ဆောင်ရွက်စေရမည် -

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၁၂၁) ပေါင်အထက် မကျော်လွန်စေရ။

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၃၃. ၆) ပိဿာထက် မကျော်လွန်စေရ။

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၅၅) ကီလိုထက် မကျော်လွန်စေရ။

၂၅။ အထက်ဖော်ပြပါ အလေးချိန်များထက်ကျော်လွန်သောကုန်ပစ္စည်းများ ဆောင်ရွက်ပါက အလုပ်သမားများ ဝန်မပိစေရေးအတွက် ကုန်ပစ္စည်း၏အလေးချိန်၊ အရွယ်ပမာဏကို သုံးသပ်၍ အလုပ်သမားနှစ်ဦး (သို့မဟုတ်) လိုအပ်သည့် အလုပ်သမားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၆။ စက်ပစ္စည်းများ၊ ပေကျုံကုန်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲလွယ်သော ကုန်ပစ္စည်းများအား အတင်အချလုပ်ငန်းများ ဆောင်ရွက်ပါက စနစ်တကျကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## လုပ်ခနှုန်းထားများ သတ်မှတ်ခြင်း

၂၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများမှ ဆောင်ရွက်လျက်ရှိသော လုပ်ခနှုန်းထားများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုထားသော လုပ်ခနှုန်းထားများသာ ဖြစ်ရမည်။

၂၈။ သတ်မှတ်အတည်ပြုထားသော လုပ်ခနှုန်းထားများသည် ဒေသန္တရကာလနှင့်လျော်ညီစေရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက (၁) နှစ် တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုပြင်ဆင်သတ်မှတ်ထားသည့် လုပ်ခနှုန်းထားများကို စနစ်တကျပြုစု၍ အတည်ပြုစာနှင့်အတူ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၁၁)
## လုပ်ငန်းခွင်စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့်အရေးယူခြင်း

၃၀။ ကုန်တင်ကုန်ချလုပ်ငန်းသဘာဝအရ အလုပ်ချိန်တိတိကျကျသတ်မှတ်ရန် မဖြစ်နိုင်သော်လည်း မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏လုပ်ငန်းသဘာဝနှင့် ကိုက်ညီသော အလုပ်သမား ဂိုဏ်းချချိန်နှင့် ဂိုဏ်းသိမ်းချိန်များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက်များဖြင့် သတ်မှတ်ထားရှိရမည်။

၃၁။ လုပ်သားများ လုပ်ငန်းခွင်တွင် စည်းကမ်းတကျရှိစေရန် အလုပ်မဆင်းနိုင်သည့် လုပ်သားများအတွက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ခွင့်ခံစားနိုင်စေရန် ခွင့်ရက်များကို သတ်မှတ်ပေးရမည်။

၃၂။ ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း တာဝန်ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းပျက်စီးဆုံးရှုံးခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လူစားထိုးခိုင်းစေခြင်း၊ ကိုယ်ကျိုးရှာမှုနှင့် အလွဲသုံးစားမှုများမဖြစ်ပွားစေရေးအတွက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ (၉) နှင့် ပုဒ်မ (၁၀) အရ ခွင့်ပြုချက်ရယူရန် လိုအပ်သော ကုန်တင်ကုန်ချလုပ်ငန်းကို ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ခြင်း၊

(ခ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသည့် ကရုဏာကြေးနှင့် ထောက်ပံ့ကြေးတို့ကို သက်သာချောင်ချိရေးရန်ပုံငွေ ထုတ်ပေးရန် ပျက်ကွက်ခြင်းနှင့် အလွဲသုံးစားပြုလုပ်ခြင်း။

၃၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(က) သက်ဆိုင်ရာကုန်တင်ကုန်ချလုပ်ငန်း သို့မဟုတ် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ထားသော အခကြေးငွေထက်ပိုမို၍ အများပြည်သူများထံမှ မတန်တဆ လုပ်အားခတောင်းခံခြင်း၊

(ခ) သက်ဆိုင်ရာကုန်တင်ကုန်ချလုပ်ငန်း သို့မဟုတ် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ထားသော လုပ်အားခများအား ပေးချေရန် ပျက်ကွက်ခြင်း၊

(ဂ) ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်တစ်ခုခုကို ချိုးဖောက်ခြင်း၊

(ဃ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ တာဝန်ပေးချက်အရ ကော်မတီ သို့မဟုတ် ကော်မတီဝင်တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်အရ စုံစမ်းစစ်ဆေးမှုကို တားဆီးခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားခငွေများအား ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ခွဲဝေပေးရန် ပျက်ကွက်ခြင်း။

## အခန်း (၁၃)
## အထွေထွေ

၃၅။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက် ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက်သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ရမည်။

၃၆။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူက သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

၃၇။ ဤဥပဒေအရ တရားစွဲဆိုသည့် ပြစ်မှုတစ်ခုခုကို မြို့နယ်တရားသူကြီးရုံးအဆင့်အောက်နိမ့်သော မည်သည့်တရားရုံးကမျှ မစစ်ဆေးရ။

၃၈။ ၁၉၅၉ ခုနှစ် အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959) နှင့် ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများ၊ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ၂၀၀၇ ခုနှစ်တွင် ထုတ်ပြန်သည့် အလုပ်သမားဝန်ကြီးဌာန ငွေစာရင်းဆိုင်ရာလက်စွဲ စာစောင်တို့သည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် )

**ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြင်ဆင်ရေးဆွဲထားသည့် **ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်း**ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၇ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း၊
ဥက္ကဋ္ဌ၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

**ရန်ကုန်တိုင်းဒေသကြီး**

**ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေကြမ်း**

**( ရန်ကုန်တိုင်းဒေသကြီး၊ လွှတ်တော်ဥပဒေအမှတ်　/　)**

၁၃၇၅ ခုနှစ်၊　　　လ　　ရက်

( ၂၀၁၃ ခုနှစ်၊　　　လ　　ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ နှင့် ဇယား (၂) စဉ် ၆ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းအတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။　ဤဥပဒေကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။　ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က)　**တိုင်းဒေသကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးကို ဆိုသည်။

(ခ)　**အစိုးရအဖွဲ့**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ)　**ဝန်ကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုလိုသည်။

(င) **ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့**ဆိုသည်မှာ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၉ အရ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

(စ) **ကော်မရှင်**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဇ) **ကော်မတီရုံး**ဆိုသည်မှာ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်။

(ဈ) **ရုံးအကြီးအကဲ**ဆိုသည်မှာ ကော်မတီရုံး၏ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ည) **ဝန်ထမ်း**ဆိုသည်မှာ ကော်မတီက ခန့်အပ်ထားသူများကို ဆိုသည်။

(ဋ) **မော်တော်ယာဉ်**ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့် သော်လည်းကောင်း မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ဌ) **မော်တော်ယာဉ်လိုင်း**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်/ထွက်သွားလာပြေးဆွဲနေသော ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သည့် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များနှင့် ဖွဲ့စည်းထားသော မော်တော်ယာဉ်လိုင်းကို ဆိုသည်။

(ဍ) **ယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင်နေသောယာဉ်တွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အဖြစ် ကော်မတီက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခန့်ထားခြင်း ခံရသူများကို ဆိုသည်။

(ဎ) **ယာဉ်ပိုင်ရှင်**ဆိုသည်မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီ၏ကြီးကြပ်မှု အောက်တွင် ပြေးဆွဲလုပ်ကိုင်နေသော ယာဉ်၏ပိုင်ရှင်ကို ဆိုသည်။

(ဏ) **အငှားယာဉ်**ဆိုသည်မှာ ငှားရမ်းခ (သို့မဟုတ်) အကျိုးကျေးဇူးတစ်ခုခုကို ရယူ၍ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်သော မော်တော်ယာဉ်ကို ဆိုသည်။

(တ) **ခရီးသည်တင်ယာဉ်**ဆိုသည်မှာ ခရီးသည်များကို သယ်ယူပို့ဆောင်ရေးအတွက် အများပြည်သူ ဆိုင်ရာလမ်းများပေါ်တွင် စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့် သော်လည်းကောင်း မောင်းနှင်အသုံးပြုသောယာဉ်ကို ဆိုသည်။

(ထ) **ကုန်တင်ယာဉ်**ဆိုသည်မှာ ကုန်စည်များကို သယ်ယူပို့ဆောင်ရေးအတွက် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့်သော် လည်းကောင်း မောင်းနှင်အသုံးပြုသောယာဉ်ကို ဆိုသည်။

(ဒ) **မှတ်ပုံတင်ယာဉ်**ဆိုသည်မှာ ဗဟိုမှတ်ပုံတင်အဖွဲ့က လုပ်ပိုင်ခွင့်အပ်နှင်းထားသော ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်ယာဉ်ကို ဆိုသည်။

(ဓ) **မှတ်ပုံတင်မဲ့ယာဉ်**ဆိုသည်မှာ ဗဟိုမှတ်ပုံတင်အဖွဲ့က လုပ်ပိုင်ခွင့်အပ်နှင်းထားသော ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်မထားသည့်ယာဉ်ကို ဆိုသည်။

(န) **စင်းလုံးငှားယာဉ်**ဆိုသည်မှာ ခရီးသည်များကို သယ်ယူပို့ဆောင်ရေးအတွက် စင်းလုံးငှားရမ်းခဖြင့် ပို့ဆောင်ပေးသောယာဉ်ကို ဆိုသည်။

(ပ) **ကြို/ပို့ယာဉ်**ဆိုသည်မှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တစ်ဦးတစ်ယောက်နှင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်ထက်ပိုသောသူများနှင့်ဖြစ်စေ အဆက်မပြတ်ပြုလုပ်သော ပဋိညာဉ်များအရ သယ်ယူပို့ဆောင်ရေးဆောင်ရွက်ပေးသောယာဉ်ကို ဆိုသည်။

(ဖ) **ယာဉ်ဂိတ်**ဆိုသည်မှာ ယာဉ်များ စတင်ထွက်ခွာရာတည်နေရာနှင့် ခရီးစဉ်အဆုံးတည်နေရာဒေသကို ဆိုသည်။

(ဗ) **ယာဉ်ရပ်နားစခန်း**ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် သွားလာနေသော မော်တော်ယာဉ်များ ရပ်နားရန် သတ်မှတ်ထားသောနေရာကို ဆိုသည်။

(ဘ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူများပိုင်သောလမ်းများပေါ်တွင် ပြေးဆွဲနေသော စက်တပ်ယာဉ်ဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်နေသောလုပ်ငန်းကို ဆိုသည်။

(မ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် ပုဂ္ဂလိကအငှားမော်တော်ယာဉ်များအတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ တရားဝင်ထုတ်ပေးသောလိုင်စင်ကို ဆိုသည်။

(ယ) **လုပ်ငန်းလိုင်စင်မဲ့ယာဉ်**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်၊ ပုဂ္ဂလိကအငှားမော်တော်ယာဉ်အတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ တရားဝင်ထုတ်ပေးသော လုပ်ငန်းလိုင်စင်ရယူထားခြင်းမရှိသည့်ယာဉ်ကို ဆိုသည်။

(ရ) **သက်တမ်းလွန်**ဆိုသည်မှာ လုပ်ငန်းလိုင်စင်ရယူထားသည့်ယာဉ်သည် ခွင့်ပြုလိုင်စင်သက်တမ်းကုန်ဆုံးပြီး နောက်တစ်နေ့မှစ၍ တစ်နှစ်ပြည့်သည့်နေ့အထိ လုပ်ငန်းသက်တမ်းတိုးမြှင့်ခြင်းမရှိပါကသက်တမ်းလွန်ယာဉ်အဖြစ် သတ်မှတ်သည်ကို ဆိုသည်။

(လ) **သက်တမ်းပြတ်**ဆိုသည်မှာ လုပ်ငန်းလိုင်စင်ရယူထားသည့်ယာဉ်သည် ခွင့်ပြုလိုင်စင်သက်တမ်းကုန်ဆုံးပြီး တစ်နှစ်ပြည့်သည့် နောက်တစ်နေ့မှစ၍ လုပ်ငန်းသက်တမ်းတိုးမြှင့်ခြင်းမရှိပါကသက်တမ်းပြတ်ယာဉ်အဖြစ် သတ်မှတ်သည်ကို ဆိုသည်။

(ဝ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်။

(သ) **ပုဂ္ဂလိကမော်တော်ယာဉ်**ဆိုသည်မှာ နိုင်ငံတော်ပိုင်ယာဉ်မှတစ်ပါး (သို့မဟုတ်) ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဦးစီးဌာန၊ လုပ်ငန်းယာဉ်များမှအပ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းလုပ်ကိုင်သောအသင်းအဖွဲ့၊ ကုမ္ပဏီ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ လူပုဂ္ဂိုလ်အစုအဖွဲ့ ပိုင်ဆိုင်သောယာဉ်များကို ဆိုလိုပါသည်။

## အခန်း (၂)
## ကော်မတီ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ကော်မတီကို ကော်မရှင်၏ကြီးကြပ်မှုဖြင့်အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ယာဉ်ပိုင်ရှင်များက ကော်မတီဝင်များကို နည်းဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

(ခ) ကော်မတီတွင် ကော်မတီဝင် အနည်းဆုံး (၇) ဦးမှ အများဆုံး (၉) ဦးထိ ပါဝင်ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်။

(ဃ) ကော်မတီသည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်။

(င) ကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး၊ ခရိုင်အဆင့်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

(စ) ကော်မတီအဆင့်ဆင့်ရှိ ကော်မတီဝင်များ၏ အရည်အချင်းကို နည်းဥပဒေဖြင့် သတ်မှတ်ရမည်။

(ဆ) ကော်မတီ၏သက်တမ်းမှာ ဖွဲ့စည်းအတည်ပြုသည့်နေ့မှစ၍ (၂) နှစ်ဖြစ်သည်။ ကော်မတီဝင်တစ်ဦး၏သက်တမ်းသည် ကော်မတီသက်တမ်းတစ်ဆက်တည်း သုံးကြိမ်ထက်မပိုစေရ။

(ဇ) ကော်မတီအသစ်ရွေးချယ်ပြီးသည့်အခါတိုင်း ကော်မတီအဟောင်းသည် ကော်မတီအသစ်ထံသို့ တာဝန်နှင့်စာရင်းဇယား၊ လုပ်ငန်းအရပ်ရပ်၊ ခံစားပိုင်ခွင့်အရပ်ရပ်တို့ကို (၁၅) ရက်အတွင်း စနစ်တကျလွှဲပြောင်းပေးရမည်။

(ဈ) ကော်မတီဝင်များသည် ကော်မတီတာဝန် ထမ်းဆောင်စဉ်အတွင်း နိုင်ငံရေးပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

(ည) ကော်မတီအဆင့်ဆင့်ရှိ ကော်မတီဝင်များ၏အရည်အချင်း ရွေးချယ်ဖွဲ့စည်းရန် နည်းလမ်း၊ ကော်မတီဝင်ဖြစ်ခြင်း၊ ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း၊ ကော်မတီအဖြစ်မှ နုတ်ထွက်ခြင်းတို့ကို နည်းဥပဒေဖြင့် သတ်မှတ်ရမည်။

## အခန်း (၃)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၄။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ လုံခြုံချောမွေ့စွာသွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးတို့ကို ဆောင်ရွက်ပေးခြင်း။

(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန် မော်တော်ယာဉ်လိုင်းများ အသစ်ဖွဲ့စည်းပြေးဆွဲခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း၊ ခရီးစဉ်ဖျက်သိမ်းခြင်း၊ ယာဉ်အမျိုးအစားပြောင်းလဲခြင်းတို့ကို ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း။

(ဂ) မော်တော်ယာဉ်အသင်းများ စည်းကမ်းတကျရှိရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဃ) ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သော သုတေသနလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ရေးဆွဲဆောင်ရွက်ခြင်း။

(င) ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးနှင့် သက်ဆိုင်သော ကိန်းဂဏန်းစာရင်းဇယားများ၊ ယာဉ်အင်အားစာရင်း၊ ကုန်စည်၊ ခရီးသည်ပို့ဆောင်မှုနှင့်ပတ်သက်သော ကိန်းဂဏန်းများ၊ နှစ်တိုနှစ်ရှည်စီမံကိန်း သတ်မှတ်စီမံချက်များ ရေးဆွဲပေးပို့နိုင်ရန် စာရင်းဇယားပြည့်စုံမှန်ကန်မှုရှိစေရန် ထည့်သွင်းရေးဆွဲရခြင်း။

(စ) လစဉ်လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ အစည်းအဝေး၊ အစည်းအဝေးမှတ်တမ်း၊ ငွေစာရင်းရှင်းတမ်းနှင့် စာရင်းဇယားများကို အစိုးရအဖွဲ့သို့ အချိန်မီတင်ပြရန် စီမံဆောင်ရွက်ခြင်း။

(ဆ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း။

(ဇ) တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးယာဉ်များအား ဥပဒေနှင့်အညီ အသင်းဝင်မှတ်ပုံတင်ထားရှိရေးအတွက် ဆောင်ရွက်ခြင်း။

(ဈ) ကြီးကြပ်ရန်လိုအပ်သော ပုဂ္ဂလိကယာဉ်များအား ယာဉ်အမျိုးအစားအလိုက် လိုအပ်သလို သတ်မှတ်ခြင်း။

(ည) လုပ်ငန်းလိုင်စင်မဲ့ယာဉ်များ၊ လုပ်ငန်းလိုင်စင်သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်များအား စိစစ်၍ အရေးယူခြင်း။

(ဋ) တိုင်းဒေသကြီး/ပြည်နယ်အတွင်း သွားလာသည့် ခရီးစဉ်များအား လမ်းကွန်ရက်နှင့် သွားလာနိုင်မှု အပေါ် မူတည်၍ ယာဉ်သွားလာမှုကွန်ရက်များ သတ်မှတ်ခြင်း။

(ဌ) ယာဉ်သွားလာရာတွင် ကျပ်တည်းမှု၊ ပိတ်ဆို့မှုများမရှိစေရေးအတွက် လိုအပ်သော အစီအမံများ စီစဉ်ထားရှိခြင်း။

(ဍ) သယ်ယူပို့ဆောင်ရေးဆောင်ရွက်မှုများ စနစ်တကျရှိစေရေးအတွက် ယာဉ်ရပ်နား/ထွက်ခွာ စခန်းများ၊ ယာဉ်ဂိတ်နေရာများ၊ ခေတ္တရပ်နားရန်နေရာများအား သတ်မှတ်ခြင်း။

(ဎ) သယ်ယူပို့ဆောင်ရေး အခက်အခဲမရှိစေရေးအတွက် လမ်း၊ ယာဉ်နှင့် လမ်းအသုံးပြုသူများအား စည်းကမ်းစနစ်သတ်မှတ်ခြင်း။

(ဏ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသင်း အဖွဲ့ဖြင့် ဆောင်ရွက်သောလုပ်ငန်းများကို သတ်မှတ်ခြင်း။

(တ) ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများအား စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ထ) အစိုးရအဖွဲ့နှင့် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့တို့က အခါ အားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်လိုသော ပုဂ္ဂိုလ်၊ အသင်း၊ အဖွဲ့အစည်း၊ ကုမ္ပဏီ လုပ်ငန်းရှင်များအား ကော်မတီတွင် မှတ်ပုံတင်စေ၍ လုပ်ငန်းလုပ်ခွင့်ပြုခြင်း။

(ခ) ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ မော်တော်ယာဉ်အသင်းများ၊ လိုင်းများနှင့် ဂိတ်များ လိုက်နာရန် စည်းကမ်းများ သတ်မှတ်ပေးခြင်း။

(ဂ) မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအား ညှိနှိုင်းပေးခြင်း။

(ဃ) ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်း စသည့် ဝန်ထမ်းရေးရာ ကိစ္စများအပေါ် စီမံခန့်ခွဲခြင်း။

(င) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လိုသော ပုဂ္ဂိုလ်၊ အသင်း၊ အဖွဲ့အစည်း၊ ကုမ္ပဏီ လုပ်ငန်းရှင်များက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း လျှောက်ထားလာခြင်းအပေါ် မှတ်ပုံ တင်၍ လုပ်ငန်းလုပ်ကိုင်စေခြင်း၊ စိစစ်ခွင့်ပြုခြင်း။

(စ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးကို အလေးထားဆောင်ရွက်ရန် နည်းလမ်းများ၊ စည်းကမ်းများ သတ်မှတ်ခြင်း။

(ဆ) ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်တို့အား ကြီးကြပ်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း။

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၅)
## ယာဉ်သွားလာမှုနှင့်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး

၆။ ကော်မတီသည် ယာဉ်သွားလာမှုများ စနစ်တကျရှိရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် အောက်ပါတို့ကို ဒေသလိုအပ်ချက်နှင့်အညီ သတ်မှတ်ရမည် -

(က) ယာဉ်သွားလာမှုနှင့်ပတ်သက်သည့် စည်းကမ်းများ၊

(ခ) လမ်းကွန်ရက်နှင့် ယာဉ်သွားလာမှုကွန်ရက်များ၊

(ဂ) ယာဉ်ရပ်နားရန်နေရာ (အဝေး/မြို့တွင်း) သတ်မှတ်ချက်များ၊

(ဃ) ယာဉ်ရပ်နားမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊

(င) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မဖြစ်စေရေး သီးခြားပြဋ္ဌာန်းချက်များ။

## အခန်း (၆)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စွမ်းအင်ကဏ္ဍ

၇။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွမ်းအင်ကဏ္ဍကို ဆောင်ရွက်ရာတွင် အောက်ပါအချက်များ ထုတ်ပြန်ဆောင်ရွက်ရမည် -

(က) ယာဉ်သွားလာမှုဆိုင်ရာကိစ္စများကြောင့် လေထုညစ်ညမ်းမှုမဖြစ်စေရေးအတွက် လိုအပ်သောအစီအမံများ ထုတ်ပြန်ဆောင်ရွက်ရမည်။

(ခ) မော်တော်ယာဉ်များကြောင့် ထွက်လာသည့် မီးခိုးနှင့် ထုတ်လွှင့်ပစ္စည်းများ လျော့နည်းစေရေးကာကွယ်ရန် အစီအမံများ ချမှတ်ခြင်း။

(ဂ) သယ်ယူပို့ဆောင်ရေးကဏ္ဍကြောင့် လေထုနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးစီမံချက်များ သတ်မှတ်ပြဋ္ဌာန်းခြင်း။

## အခန်း (၇)
## အခွန်အခသတ်မှတ်ခြင်း

၈။ ကော်မတီသည် အောက်ပါအခွန်အခများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည် -

(က) သယ်ယူပို့ဆောင်ရေးလုပ်ငန်း အသင်းဝင်မှတ်ပုံတင်ခြင်းဆိုင်ရာအခွန်အခများ။

(ခ) သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပြေးဆွဲခြင်းအတွက် အခွန်အခများ။

(ဂ) သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းပြောင်းနှင့် ခရီးစဉ်ပြောင်းခြင်းတို့အတွက် အခွန်အခများ။

(ဃ) ဤဥပဒေအရ ကောက်ခံသော အခွန်အခများသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ကောက်ခံနေသော သယ်ယူပို့ဆောင်ရေးအခွန်အခများနှင့် တူညီခြင်း၊ ထပ်မံကောက်ခံခြင်းမျိုး မရှိစေရ။

## အခန်း (၈)
## ဘဏ္ဍာရေး

၉။ ကော်မတီသည် -

(က) နည်းဥပဒေများနှင့်အညီ ရှာဖွေရရှိသော မိမိ၏ရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်။

(ခ) မိမိ၏ရန်ပုံငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ စာရင်းစစ်ဆေးမှု ခံယူရမည်။

(ဂ) မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၊ ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေး လုပ်ငန်းများတွင် နည်းဥပဒေနှင့်အညီ သုံးစွဲရမည်။

(ဃ) စုဆောင်းထားသောရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးပွားစေရန် နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

(င) လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း၊ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြရမည်။

(စ) မိမိဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း (၃၀) အတွင်း ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

## အခန်း (၉)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၀။ ကော်မတီသည် -

(က) လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ရေးဆွဲရမည်။

(ခ) တည်ဆဲစည်းမျဉ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းခန့်ထားနိုင်သည်။

(ဂ) ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်နိုင်သည်။

## အခန်း (၁၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၁။ ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့်ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၂။ ပုဒ်မ (၁၁) အရ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် မကျေနပ်ပါက ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၁၃။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ။

(ခ) အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၁၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ဖြင့် လုပ်ငန်းလိုင်စင် သို့မဟုတ် မော်တော်ယာဉ်ပြေးဆွဲခွင့်ကို ကာလကန့်သတ်ချက်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၅။ လုပ်ငန်းလိုင်စင်မဲ့ယာဉ်များ လုပ်ငန်းလိုင်စင်သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်များအား စစ်ဆေးအရေးယူခြင်း ပြုနိုင်သည်။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၆။ မည်သူမဆို ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ယာဉ်လိုင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုခုသို့ မှတ်ပုံတင်စာရင်းသွင်းခြင်းမရှိဘဲ ယာဉ်ပြေးဆွဲပါက ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

၁၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက် စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ပြစ်ဒဏ်ချမှတ်ရမည်။

၁၈။ ပုဒ်မ (၁၁) အရ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်ငါးသောင်းအထိ ငွေဒဏ် စီရင်ခြင်းခံရမည်။

## အခန်း (၁၂)
## အထွေထွေ

၁၉။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၂၀။ ဤဥပဒေသည် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ၊ ၁၉၆၄ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာနည်းဥပဒေ၊ ၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာစည်းကမ်းဥပဒေ၊ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မတို့နှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၂၁။ ကော်မတီဝင်တစ်ဦးဦးသည် မိမိလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ဌာနခွဲတစ်ခုခုကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၂၂။ ကြီးကြပ်မှုကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၃။ ပုဒ်မ (၁၄)၊ (၁၅) တို့အရ တရားစွဲဆိုရာတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၂၄။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

# တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးဥပဒေဟု ခေါ်တွင်ရမည်။

(ခ) ဤဥပဒေသည် တနင်္သာရီတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ကော်မတီ**ဆိုသည်မှာ ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(င) **မော်တော်ယာဉ်**ဆိုသည်မှာ စက်အင်အားဖြင့် မောင်းနှင်၍သော်လည်းကောင်း၊ ဆွဲငင်၍သော်လည်းကောင်း အသုံးပြုသည့် ယာဉ်၊ စက်၊ ထရော်လီဘတ်စ်ကား၊ ဝန်ဆွဲယာဉ် သို့မဟုတ် နောက်တွဲတစ်ခုခုကို ဆိုသည်။

(စ) **ယာဉ်ပိုင်ရှင်**ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် သတ်မှတ်ချက်များနှင့်အညီ ပြေးဆွဲနေသည့် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်ကို ဆိုသည်။

(ဆ) **ယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင်နေသော အငှားယာဉ်၌ လိုင်စင်ရရှိထားသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ဝန်ဆောင်မှုပေးသူများကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်လိုင်း**ဆိုသည်မှာ ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့် အငှားမော်တော်ယာဉ်များဖြင့် ဖွဲ့စည်းထားသော မော်တော်ယာဉ်လိုင်းကို ဆိုသည်။

(ဈ) **ယာဉ်လုပ်ငန်း**ဆိုသည်မှာ အငှားမော်တော်ယာဉ်များကို အသုံးပြု၍ စီးပွားရေးလုပ်ကိုင်သော လုပ်ငန်းကို ဆိုသည်။

(ည) **ပုဂ္ဂလိကအငှားယာဉ်**ဆိုသည်မှာ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်ကို ဥပဒေနှင့်အညီ အငှားယာဉ်အဖြစ် မှတ်ပုံတင်၍ စီးပွားရေးအလို့ငှာ ပြေးဆွဲနေသောယာဉ်ကို ဆိုသည်။

(ဋ) **ရန်ပုံငွေ**ဆိုသည်မှာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောက်ခံရရှိသောငွေကို ဆိုသည်။

(ဎ) **ကော်မတီရုံးဝန်ထမ်း**ဆိုသည်မှာ ကော်မတီ၏ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီက ခန့်ထားသူများကို ဆိုသည်။

(ဍ) **ယာဉ်လိုင်းတာဝန်ခံ**ဆိုသည်မှာ သက်ဆိုင်ရာယာဉ်လိုင်းတစ်ခုကို ကိုယ်စားပြု၍ ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ဂိတ်မှူးများလည်း အကျုံးဝင်သည်။

(ဎ) **စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်**ဆိုသည်မှာ ဤဥပဒေအရ ကော်မတီကချမှတ်သော ပြစ်ဒဏ်တစ်ရပ်ရပ်ကို ဆိုသည်။

## အခန်း (၂)
## ကော်မတီဖွဲ့စည်းခြင်း

၃။ တိုင်းဒေသကြီးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးအဆင့်ထက်မနိမ့်သော<br>တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦး | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရဲမှူးကြီးအဆင့်ထက်မနိမ့်သော<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦး | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီးဦးစီးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ယာဉ်လိုင်းတာဝန်ခံ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးဦးစီးမှူး<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အတွင်းရေးမှူး |

၄။ တိုင်းဒေသကြီးကော်မတီသည် ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတို့ကို နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးရမည်။

၅။ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတို့၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှ သုံးနှစ်ဖြစ်သည်။

## အခန်း (၃)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၆။ တိုင်းဒေသကြီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်များ သယ်ယူပို့ဆောင်ပြေးဆွဲရေးလုပ်ငန်းကို ထိန်းသိမ်းကြီးကြပ်ခြင်း၊

(ခ) မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ စည်းကမ်းသေဝပ်ရေးနှင့် စည်းလုံးညီညွတ်မှုရှိစေရန် ဆောင်ရွက်ခြင်း၊

(ဂ) မော်တော်ယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးစနစ်များ ခေတ်မီစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(င) မော်တော်ယာဉ်လိုင်းများကို စိစစ်ခွင့်ပြုခြင်း၊

(စ) တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ခရိုင်ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်လိုင်းများအတွက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊

(ခ) မော်တော်ယာဉ်လိုင်းတစ်ခုခုတွင် ပါဝင်ပြေးဆွဲနိုင်ရန် မော်တော်ယာဉ်မှတ်ပုံတင်၊ လုပ်ငန်းလိုင်စင်၊ အခြားလိုအပ်သောအထောက်အထားများ ပြည့်စုံမှု ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ်ကော်မတီ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(င) တိုင်းဒေသကြီးကော်မတီမှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၈။ မြို့နယ်ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်များ သတ်မှတ်ခရီးသည်အရေအတွက်နှင့် ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) မော်တော်ယာဉ်များ သတ်မှတ်ခရီးစဉ်အတိုင်း ပြေးဆွဲခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) မော်တော်ယာဉ်များ ခွင့်ပြုလုပ်ငန်းအမျိုးအစားအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ယာဉ်လုပ်သားများသည် သတ်မှတ်စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(င) သတ်မှတ်ချက်များနှင့်အညီ ရန်ပုံငွေကောက်ခံခြင်းနှင့် သုံးစွဲခြင်း၊

(စ) ယာဉ်အမျိုးအစားအလိုက် ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) တိုင်းဒေသကြီးကော်မတီနှင့် ခရိုင်ကော်မတီတို့မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့်တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## လုပ်ပိုင်ခွင့်များ

၉။ တိုင်းဒေသကြီးကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်လိုင်းနှင့် ယာဉ်လုပ်ငန်းလျှောက်ထားမှုများကို စိစစ်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ခရီးသည်တင်မော်တော်ယာဉ်ရပ်နားစခန်းများ သတ်မှတ်ပေးခြင်း၊

(ဂ) ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်ရပ်နားစခန်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ရန်ပုံငွေကောက်ခံခြင်းနှင့် သုံးစွဲခြင်းတို့ကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(င) လူနှင့်မော်တော်ယာဉ် အာမခံထားရှိစေရန် စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း။

၁၀။ မြို့နယ်ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်အမျိုးအစားအလိုက် ကော်မတီများ ဖွဲ့စည်းပေးခြင်း၊

(ခ) မော်တော်ယာဉ်လိုင်းဝင်ကြေး၊ လစဉ်ကြေးသတ်မှတ်ခြင်း၊

(ဂ) မော်တော်ယာဉ်လိုင်းအမျိုးအစားအလိုက် ပြေးဆွဲမည့် ခရီးလမ်းကြောင်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ယာဉ်လိုင်းတာဝန်ခံများကို မှတ်ပုံတင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(င) ယာဉ်လိုင်းတာဝန်ခံများကို ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) မော်တော်ယာဉ်နှင့် ယာဉ်လုပ်သားများ၏လိုင်စင်များကို စစ်ဆေးခြင်း၊

(ဆ) မော်တော်ယာဉ်နှင့်သက်ဆိုင်သော ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ ကွင်းဆင်းကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်း။

## အခန်း (၅)
## ဘဏ္ဍာရေး

၁၁။ ကော်မတီသည် နည်းဥပဒေနှင့်အညီ ရရှိသောငွေဖြင့် ရပ်တည်ရမည်။

၁၂။ ကော်မတီ၏ရန်ပုံငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိရမည်။

၁၃။ ကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်သာ ရန်ပုံငွေကို သုံးစွဲရမည်။

၁၄။ ကော်မတီသည် ရန်ပုံငွေတိုးပွားစေရန်အတွက်လည်းကောင်း၊ လုပ်ငန်းများ တိုးတက်စေရန်အတွက် လည်းကောင်း နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

၁၅။ ကော်မတီဝင်များ၏ ထောက်ပံ့ကြေးနှင့် ဝန်ထမ်းများအတွက် စရိတ်တို့ကို နှစ်စဉ်ရရှိသောဝင်ငွေ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်း မပြုရ။

၁၆။ ကော်မတီသည် ငွေစာရင်း၊ ပစ္စည်းစာရင်းများကို နည်းလမ်းတကျထိန်းသိမ်းထားရှိရမည်။

၁၇။ ကော်မတီ၏ စာရင်းအင်းများကို လက်မှတ်ရစာရင်းကိုင်ဖြင့် စစ်ဆေးအတည်ပြုရမည်။

## အခန်း (၆)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၈။ ကော်မတီသည် လိုအပ်သော ရုံးဝန်ထမ်းဖွဲ့စည်းပုံကိုရေးဆွဲပြီး ဝန်ကြီး၏အတည်ပြုချက် ရယူရမည်။

၁၉။ ကော်မတီသည် ရုံးဝန်ထမ်းများကို သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ စိစစ်ခန့်ထား ရမည်။

၂၀။ ကော်မတီသည် ရုံးဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲရန် ကော်မတီရုံးတာဝန်ခံအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

## အခန်း (၇)
## တားမြစ်ချက်များ

၂၁။ မည်သူမဆို ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ -

(က) ယာဉ်လုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

(ခ) ပုဂ္ဂလိကအငှားယာဉ် ပြေးဆွဲခြင်းမပြုရ။

(ဂ) မော်တော်ယာဉ်လိုင်းသို့ ဝင်ရောက်ပြေးဆွဲခြင်းမပြုရ။

(ဃ) ပို့ဆောင်ရေးလိုင်စင်မရှိဘဲ ယာဉ်လုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

## အခန်း (၈)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၂၂။ ကော်မတီသည် ပုဒ်မ ၂၁ (ခ) (ဂ) (ဃ) တို့တွင် တားမြစ်ထားသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်စဲခြင်း၊

(ဂ) လုပ်ငန်းလိုင်စင် ပယ်ဖျက်ခြင်း။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ယာဉ်လုပ်ငန်းလုပ်ကိုင်လျှင် -

(က) ပထမအကြိမ် ကျူးလွန်သည့်ပြစ်မှုအတွက် အနည်းဆုံး ငွေဒဏ်ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။

(ခ) နောက်ထပ် ကျူးလွန်သည့်ပြစ်မှုအတွက် အနည်းဆုံး ငွေဒဏ်ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ ကော်မတီကဖြစ်စေ၊ ကော်မတီ၏ တာဝန်ပေးအပ်ချက်အရဖြစ်စေ ယာဉ်လုပ်ငန်းတစ်ရပ်ရပ်ကို တာဝန်အရ စစ်ဆေးဆောင်ရွက်သူအား တားဆီးခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းပြုလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ်တစ်လမှ အများဆုံး ထောင်ဒဏ်ခြောက်လအထိ ချမှတ်ရမည်။

## အခန်း (၁၀)
## အထွေထွေ

၂၅။ ကော်မတီများသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ကို သုံးစွဲခွင့်ရှိပြီး ဥပဒေနှင့်အညီ ဆက်ခံခွင့် ရှိသည်။

၂၆။ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ တို့အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၇။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၂၈။ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ဖွဲ့စည်းသောကော်မတီထံသို့ လွှဲပြောင်းပေးရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း များကို ထုတ်ပြန်နိုင်သည်။

( ခ ) တိုင်းဒေသကြီးကော်မတီသည် ဝန်ကြီး၏အတည်ပြုချက်ဖြင့် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ ပုဂ္ဂလိကအငှားယာဉ်များပြေးဆွဲရေးဥပဒေ (၂၀၁၂ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# တနင်္သာရီတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေဟု ခေါ်တွင်ရမည်။

( ခ ) ဤဥပဒေသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်မှစ၍ တနင်္သာရီတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကို ဆိုသည်။

( ခ ) **တိုင်းဒေသကြီးအစိုးရအဖွဲ့**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

( ဂ ) **ဝန်ကြီးချုပ်**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမားရေးရာကဏ္ဍကို တာဝန်ခံရသည့်ဝန်ကြီးဌာနကို ဆိုသည်။

( င ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမားရေးရာကဏ္ဍကို တာဝန်ခံရသည့် ဝန်ကြီးကို ဆိုသည်။

( စ ) **ကုန်တင်ကုန်ချလုပ်ငန်း**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်နှင့် ဈေးများတွင် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအားကိုအသုံးပြု၍ ကုန်ပစ္စည်းများကို အခကြေးငွေဖြင့် ကုန်တင်ကုန်ချခြင်းအပါအဝင် သယ်ယူပို့ဆောင်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်အလို့ငှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

( ဇ ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီက ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတစ်ခုအတွင်းရှိ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများကို စုစည်း၍ ကုန်တင်ကုန်ချလုပ်ငန်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲအုပ်ချုပ်ရန်အလို့ငှာ မြို့နယ်ကုန်တင်ကုန်ချကော်မတီက ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသောကော်မတီကို ဆိုသည်။

(ည) **ကော်မတီရုံး**ဆိုသည်မှာ -

(၁) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး၊

(၂) မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၊

(၃) ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးခွဲများကို ဆိုသည်။

(ဋ) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား**ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင်အမှတ် ရရှိပြီးသော အလုပ်သမားကို ဆိုသည်။

(ဌ) **သက်သာချောင်ချိရေးရန်ပုံငွေ**ဆိုသည်မှာ မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးအတွက် ၎င်းတို့၏ နေ့စဉ်လုပ်ခဝင်ငွေထဲမှ နည်းဥပဒေနှင့်အညီ စုဆောင်းထားသည့် ရန်ပုံငွေကို ဆိုသည်။

(ဍ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်**ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများလုပ်ကိုင်ရန် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီက ထုတ်ပေးသည့်ခွင့်ပြုချက်ကို ဆိုသည်။

## အခန်း (၂)
## ကုန်တင်ကုန်ချကော်မတီများ ဖွဲ့စည်းခြင်း

၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ် — ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ် (၂) ဦး — အဖွဲ့ဝင်

(ဂ) ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန — အဖွဲ့ဝင်

(င) တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး — အတွင်းရေးမှူး

၄။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် မြို့နယ် ကုန်တင်ကုန်ချကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) ဦးစီးအရာရှိ
မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး — ဥက္ကဋ္ဌ

(ခ) ဒုဦးစီးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ဒုရဲအုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(ဃ) ဒုဦးစီးမှူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(င) တာဝန်ခံ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် — အဖွဲ့ဝင်

(စ) တာဝန်ခံရုံပိုင် မြန်မာ့မီးရထား — အဖွဲ့ဝင်

(ဆ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(ဇ) ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဈ) မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(ည) ကြီးကြပ်ရေးမှူး သို့မဟုတ် စာရင်းကိုင် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး — အတွင်းရေးမှူး

၅။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ထုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆။ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသည် မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီတို့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ထုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း (၃)
## ကုန်တင်ကုန်ချကော်မတီ၏လုပ်ငန်းတာဝန်များ

၇။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို စစ်ဆေးခြင်း သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သည့် အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ စစ်ဆေးစေခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့် ငွေကြေးစာရင်းဇယားများကို စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် အရေးယူခြင်း၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီများက တင်ပြသော မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားစာရင်းကို အတည်ပြုခြင်း၊

(ဃ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအား ဒေသန္တရဈေးနှုန်းနှင့်အညီ လုပ်ခများရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အတည်ပြုချက်ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အတည်ပြုပေးခြင်း၊

(င) မြို့နယ်ကုန်တင်ကုန်ချကော်မတီက ခန့်ထားသည့် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်ရေးအတွက် အလုပ်သမားမှူး၊ အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူးများ ခန့်ထားခြင်း၊ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ အတည်ပြုခြင်း၊

(စ) သက်ဆိုင်ရာ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ရန် တာဝန်ပေးထားသည့် အရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ စောင့်ရှောက်ရေးမှူးများ၊ အလုပ်သမားစုမှူးများနှင့် အလုပ်သမားမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊

(ဆ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားအသစ်များ တိုးချဲ့ခန့်ထားခြင်း၊ အင်အားလျှော့ခြင်း၊ အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များကို ကြီးကြပ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဇ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားတစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ၎င်းတို့၏ နစ်နာမှုများကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်းနှင့် ဝန်ကြီးထံ တင်ပြခြင်း၊

(ဈ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမား ခန့်ထားခြင်း၊ မှတ်ပုံတင်ခြင်းတို့နှင့်စပ်လျဉ်း၍ စည်းကမ်း ချက်များ သတ်မှတ်ပေးခြင်း၊

(ည) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှု မဖြစ်ပွားစေရေးတို့အတွက် စနစ်တကျဆောင်ရွက်စေခြင်း၊

(ဋ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ထူထောင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဌ) ကုန်တင်ကုန်ချလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ငန်းခွင်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဍ) တိုင်းဒေသကြီးအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများ သက်သာချောင်ချိရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(ခ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများအား ရွေးချယ်ခြင်း၊ မှတ်ပုံတင် ခြင်းနှင့် တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဂ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားဦးရေ အနည်းဆုံးနှင့် အများဆုံးသတ်မှတ်ခြင်း၊ ကရုဏာကြေး သတ်မှတ်ခြင်းတို့အား တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

(ဃ) ဒေသန္တရဈေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများ တိုးမြှင့်ရန်လိုအပ် လာပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(င) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၉။ (က) ကုန်တင်ကုန်ချအလုပ်သမား (၁၀) ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အနည်းဆုံး အလုပ်လုပ်ချိန် ကာလ (၄) လရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် စတင်လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည်

မှတ်ပုံတင်အလုပ်သမားအဖြစ် ရယူလိုပါက သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ တစ်ဆင့် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ လျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသည် အထက်အပိုဒ် (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းပြုနိုင်သည်။

၁၀။ ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်သည် သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲတစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

## အခန်း (၅)
## ကုန်တင်ကုန်ချကော်မတီရုံးများ ဖျက်သိမ်းခြင်း

၁၁။ မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးခွဲတစ်ခုခုအား အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဖျက်သိမ်းရန် ပေါ်ပေါက်ပါက တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ တင်ပြရမည် -

(က) လမ်းပန်းဆက်သွယ်မှုအခြေအနေများ ပြောင်းလဲသွားခြင်း၊

(ခ) ကုန်တင်ကုန်ချလုပ်ငန်းများ လျော့နည်းလာခြင်း၊

(ဂ) လုပ်ငန်းနေရာပြောင်းရွှေ့ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊

(င) အခြားလုံလောက်သောအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ခြင်း။

၁၂။ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ ၁၁ အရ တင်ပြချက်ကို လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးခွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းနိုင်သည်။

၁၃။ ပုဒ်မ ၁၂ အရ ဖျက်သိမ်းသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးခွဲသည် မိမိပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေများကို နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းရမည်။

၁၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးခွဲသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးကြောင်းကို တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြရမည်။

၁၅။ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသည် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးခွဲအား စာရင်းရှင်းလင်းဖျက်သိမ်းပြီးကြောင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၆)
## သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၆။ မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးခွဲလက်အောက်ရှိ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးအတွက် ရန်ပုံငွေတစ်ရပ်ကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထူထောင်ရမည်။

၁၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေးရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးနှုန်းများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ ခွင့်ပြုချက်ရရှိသည့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးခွဲသည် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၇)
## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၁၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးသည် ကုန်တင်ကုန်ချလုပ်ငန်းပမာဏနှင့် လုပ်ငန်းလုပ်ကွက်များကိုအခြေခံ၍ ကုန်တင်ကုန်ချလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏လုပ်အားကို မျှတစေရန်၊ အလုပ်သမားတစ်ဦးစီ၏ လုပ်ခဝင်ငွေများ လျော့နည်းကျဆင်းမှုမရှိစေရန်အတွက် မြို့နယ်အလိုက် ရှိသင့်သည့် အနည်းဆုံးလုပ်သားဦးရေနှင့် အများဆုံးလုပ်သားဦးရေသတ်မှတ်ချက်များကို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြရမည်။

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားဦးရေနှင့် အများဆုံးလုပ်သားဦးရေသတ်မှတ်ချက်များမှာ လုပ်ငန်းအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေးအတွက် တစ်နှစ်တစ်ကြိမ် စိစစ်သုံးသပ်၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြရမည်။ လုပ်သားဦးရေပြောင်းလဲရန် လိုအပ်လာပါက တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ပြင်ဆင်အတည်ပြုချက်ရယူရမည်။

## အခန်း (၈)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၁။ လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏အင်အားကို မထိခိုက်စေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၁၂၀) ပေါင်ထက် မကျော်လွန်စေရ။

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၃၃. ၆) ပိဿာထက် မကျော်လွန်စေရ။

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၅၅) ကီလိုထက် မကျော်လွန်စေရ။

၂၂။ ပုဒ်မ ၂၁ ပါ အလေးချိန်ထက်ကျော်လွန်သော ကုန်ပစ္စည်းများကိုဆောင်ရွက်ပါက အလုပ်သမားများဝန်မပိစေရေးအတွက် ကုန်ပစ္စည်း၏အလေးချိန်၊ အရွယ်ပမာဏကို ကြည့်ရှုသုံးသပ်၍ အလုပ်သမားနှစ်ဦးသို့မဟုတ် လိုအပ်သည့်အလုပ်သမားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၃။ စက်ပစ္စည်းများ၊ ပေကျံကုန်ပစ္စည်းများ၊ အန္တရာယ်ရှိ မီးလောင်ပေါက်ကွဲလွယ်သော ကုန်ပစ္စည်းများအား နည်းဥပဒေပါသတ်မှတ်ချက်များနှင့်အညီ ထမ်းပိုးဆောင်ရွက်စေရမည်။

## အခန်း (၉)

## လုပ်ခနှုန်းထားများ သတ်မှတ်ခြင်း

၂၄။ မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ သတ်မှတ်သောလုပ်ခနှုန်းထားများသည် သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အတည်ပြုသည့် လုပ်ခနှုန်းထားများ ဖြစ်ရမည်။

၂၅။ ပုဒ်မ ၂၄ ပါ လုပ်ခနှုန်းထားများကို ပြင်ဆင်ရန်လိုအပ်ပါက တစ်နှစ် တစ်ကြိမ် ပြင်ဆင်နိုင်သည်။

၂၆။ မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးသည် ပြင်ဆင်ထားသည့် လုပ်ခနှုန်းထားများကို အတည်ပြုရန် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြရမည်။

## အခန်း (၁၀)

## အလုပ်သမားသက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်သာယာရေး

၂၇။ မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးရှိ ကော်မတီခန့်လခစား၊ ဝေစုစားဝန်ထမ်းနှင့် အလုပ်သမား များ၏ သက်သာချောင်ချိရေးတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငွေလက်ငင်းအကျိုးခံစားခွင့်တွင် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့်၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှနုတ်ထွက်မှုဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာခံစားခွင့်၊ မီးဖွားမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်များ ပါဝင်သည်။

(ခ) လူမှုဖူလုံရေးဥပဒေ အကျုံးဝင်သော မြို့နယ်ဖြစ်ပါက လူမှုဖူလုံရေးဥပဒေပါအတိုင်း အကျိုး ခံစားခွင့် ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေ အကျုံးမဝင်သောမြို့နယ်ဖြစ်ပါက မြို့နယ်ကုန်တင် ကုန်ချကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိစေရမည်။

(ဂ) လုပ်ငန်းခွင်သက်သာချောင်ချိရေးအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးကိရိယာများ လုံလောက်စွာ စီစဉ်ထားရှိခြင်း၊ သန့်ရှင်းသော သောက်သုံးရေများ လုံလောက်စွာထားရှိခြင်း၊ ရှေးဦးသူနာပြု သေတ္တာနှင့် လိုအပ်သောဆေးဝါးများ စီစဉ်ထားရှိခြင်း၊ တူညီဝတ်စုံများ ထုတ်ပေးခြင်းတို့ကို တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီရုံး၏ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းခွင်ပြင်ပ သက်သာချောင်ချိရေးအတွက် အလုပ်သမားရိပ်သာများ ဆောက်လုပ်ပေးခြင်း၊ သန့်စင်ခန်း၊ ရေချိုးခန်းများ စီစဉ်ပေးခြင်း၊ ရုပ်မြင်သံကြားစက်များ စီစဉ်ပေးခြင်း၊ စာဖတ်ခန်းများ စီစဉ်ပေးခြင်းတို့ကို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး၏ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက် ရမည်။

## အခန်း (၁၁)

## လုပ်ငန်းခွင်စည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်း

၂၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ လုပ်ငန်းသဘာဝနှင့်ကိုက်ညီသော အလုပ်သမားဂိုဏ်းချချိန်နှင့် ဂိုဏ်းသိမ်းချိန်များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ရမည်။

၂၉။ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသည် အလုပ်မဆင်းနိုင်သည့် လုပ်သားများအတွက် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ခံစားခွင့်ရှိသည့်ခွင့်ရက်များကို သတ်မှတ်ရမည်။

၃၀။ မြို့နယ် ကုန်တင်ကုန်ချကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်စဉ် တာဝန်ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းပျက်စီးဆုံးရှုံးခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လူစားထိုးခိုင်းစေခြင်း၊ ကိုယ်ကျိုးရှာမှုနှင့် အလွဲသုံးစားမှုပြုခြင်းတို့ကို နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၁။ ပြည်တွင်း ကုန်တင်ကုန်ချကော်မတီက သတ်မှတ်ထားသောနယ်မြေအတွင်း ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်သူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၂။ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီက သတ်မှတ်ပေးထားသော လုပ်ငန်းနယ်မြေတစ်ခုတွင် ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်သူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ မည်သူမဆို တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီဝင် တစ်ဦးဦးကဖြစ်စေ၊ ၎င်း၏ တာဝန်ပေးအပ်ခြင်းခံရသူကဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်အရ စစ်ဆေးဆောင်ရွက်မှုကိုတားဆီးခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းပြုလျှင် အနည်းဆုံး ထောင်ဒဏ်တစ်လမှ အများဆုံး ထောင်ဒဏ်ခြောက်လအထိ ချမှတ်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၃၄။ ဤဥပဒေ ပုဒ်မ ၃၃ အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၃၆။ မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးများသည် ဤဥပဒေအရ ဖွဲ့စည်းသည့်ကော်မတီများထံ လုပ်ငန်းနှင့်လုပ်ပိုင်ခွင့်အရပ်ရပ်ကို လွှဲပြောင်းပေးအပ်ရမည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၃၈။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချ အလုပ်သမားဥပဒေ (၂၀၁၂ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# တနင်္သာရီတိုင်းဒေသကြီး ရေချိုနှင့်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာဥပဒေ (မူကြမ်း)

## (၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်  ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ရေချိုနှင့်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာဥပဒေဟု ခေါ်တွင်ရမည်။

(ခ) ဤဥပဒေသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် တနင်္သာရီတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးကို ဆိုသည်။

(ခ) **ဌာန**ဆိုသည်မှာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ယင်း၏လက်အောက်ခံဌာနများကို ဆိုသည်။

(ဂ) **တိုင်းဒေသကြီးဦးစီးဌာနမှူး**ဆိုသည်မှာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးကို ဆိုသည်။

(ဃ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ခရိုင် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(င) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင် သော်လည်းကောင်း ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(စ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဆ) **ငါးဖမ်းခြင်း**ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဇ) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသော ပစ္စည်းကိရိယာကို ဆိုသည်။

(ဈ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးဖမ်းသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသော ယာဉ်များလည်း ပါဝင်သည်။

(ည) **ယာဉ်**ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ ရွေ့လျားသွားလာနိုင်သည့် ယာဉ်ကို ဆိုသည်။

(ဠ) **အအေးခန်းစက်ရုံ**ဆိုသည်မှာ ငါးများကို အေးခဲမှုစနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

(ဃ) **ပြုပြင်မွမ်းမံခြင်း**ဆိုသည်မှာ ကိုယ်တိုင်စားသုံးရန်မှအပ ငါးများကို နည်းပညာအသုံးပြု၍ မူလအခြေအနေမှ ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။

(ဍ) **ကမ်းနီးငါးလုပ်ငန်း**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ကမ်းရိုးတန်းတစ်လျှောက်တွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ်းနီးဒေသဟု သတ်မှတ်ပေးသည့်နေရာများတွင် လုပ်ကိုင်သောငါးလုပ်ငန်းများကို ဆိုသည်။

(ဎ) **ကမ်းဝေးငါးလုပ်ငန်း**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ်းဝေးဒေသဟု သတ်မှတ်ပေးသည့်နေရာများတွင် လုပ်ကိုင်သော ငါးလုပ်ငန်းများကို ဆိုသည်။

(ဏ) **ရေချိုငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှကုန်းတွင်းနယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ ငါးများ နေထိုင်ကျက်စား ခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ အစိုးရဌာနတစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်း ဒီရေရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ၊ လိပ်များနှင့်မိကျောင်းများ ဉချသည့်အသိုက်များ၊ ကျင်းများ၊ ရေချိုရေငန်စပ်ဒေသများ စသည်တို့လည်းပါဝင်သည်။ ထို့အပြင် ပင်လယ်နှင့်ဆက်စပ်သည့် မြစ်ဝများ၊ ချောင်းဝများ၌ အဝ၏ တစ်ဖက်ကမ်းအစွန်းဆုံးမှ အခြားတစ်ဖက်ကမ်းအစွန်းဆုံးကို ဆွဲထားသည့် မျဉ်းဖြောင့်၏ ဒီရေကျရာဘက်ရေပြင်သည် ရေချိုလုပ်ငန်းရေပြင်ဖြစ်သည်။

(တ) **ဂရန်အင်း**ဆိုသည်မှာ ဌာနက နယ်နိမိတ်၊ ငါးမျိုး၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့်သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ထ) **သီးသန့်အင်း**ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသော ရေပြင် သို့မဟုတ်သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဒ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့်အင်းဟုသတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြား နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသောရေပြင်ကို ဆိုသည်။

(ဓ) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင် သို့မဟုတ် ကမ်းနီးငါးလုပ်ငန်းရေပြင်တစ်ခုခုမှရရှိသောငါး၊ သက်ရှိ ရေသတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့်ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်လိပ်နှင့်ဥများ၊ မိကျောင်းနှင့်ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ကမာခွံ၊ ပင်လယ်ခရုခွံ၊ ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ရေမှော် စသည်များလည်း ပါဝင်သည်။

(န) **အငှားဂရန်**ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့်အငှားဂရန်ကို ဆိုသည်။

(ပ) **လိုင်စင်**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ပင်လယ်ထွက်ပစ္စည်းနှင့် ရေထွက်ပစ္စည်းများကို ရောင်းဝယ်စုဆောင်းခြင်းအတွက်ဖြစ်စေ၊ ပင်လယ်တွင် အပျော်တမ်းငါးဖမ်းခြင်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် တည်ထောင်လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ငါးနှင့်ပတ်သက်သော အခြားလုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနကထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဌာနကထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ကမ်းနီးငါးဖမ်းလိုင်စင်၊ အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်ခွင့်လိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့်လုပ်ငန်းတစ်မျိုးမျိုး လိုင်စင်ရရှိသူကို ဆိုသည်။

## အခန်း (၂)
## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၄။ ဂရန်အင်းမှအပ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၅။ ငါးပြုပြင်မွမ်းမံခြင်း၊ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အအေးခန်းစက်ရုံတည်ထောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့် ကိုက်ညီပါက ငါးပြုပြင်မွမ်းမံခွင့်၊ ရေထွက်ပစ္စည်းရောင်းဝယ်ခွင့်၊ စုဆောင်းခွင့်၊ သယ်ယူပို့ဆောင်ခွင့်၊ အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်ခွင့် လိုင်စင် ထုတ်ပေးနိုင်သည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းတို့ကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ခွင့်ပြုချက်အရ ထုတ်ပေးရမည်။

၈။ ဂရန်အင်း လေလံတင်ရောင်းချခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ပြုနိုင်သည်။

၉။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချခြင်း၊ တင်ဒါလိုင်စင် ချထားခြင်းတို့ကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ရယူပြီးမှသာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ရေချိုငါးလုပ်ငန်းရေပြင်အတွက် ငါးဖမ်းကိရိယာလိုင်စင်နှင့် ကမ်းနီးငါးလုပ်ငန်းရေပြင်အတွက် ကမ်းနီးငါးဖမ်းလိုင်စင်တို့ကို ထုတ်ပေးနိုင်သည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် လုပ်ကိုင်မည့် လုပ်သားများအတွက် မှတ်ပုံတင်လျှောက်ထားလာလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ရေလုပ်သားမှတ်ပုံတင် ထုတ်ပေးရမည်။

## အခန်း (၃)

## အခွန်အခပေးဆောင်ခြင်း

၁၂။ ဂရန်အင်းလေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် အပြေအကျေပေးဆောင်ရမည်။

၁၃။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် အပြေအကျေပေးဆောင်ရမည်။

၁၄။ နှစ်ရှည်အငှားဂရန်ရရှိသူသည် အင်းခွန်နှင့် အင်းပြုပြင်ထိန်းသိမ်းစရိတ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အဆိုပါ အင်းတည်ရှိရာမြို့နယ်တွင် ပေးဆောင်ရမည်။

၁၅။ ကမ်းနီး ငါးလုပ်ငန်းလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ ငါးစိုခွန်၊ လှေခွန်၊ မှတ်ပုံတင်ကြေးနှင့် ကျသင့်သောအခွန်အခများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၆။ လိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော အခွန်အခများနှင့်စပ်လျဉ်း၍ နိုင်ငံသားဖြစ်လျှင် မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသားပါဝင်သည့် ဖက်စပ်လုပ်ငန်းဖြစ်လျှင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်သည့်ငွေကြေးဖြင့်လည်းကောင်း ပေးဆောင်ရမည်။

၁၇။ နိုင်ငံတော်အကျိုးငှာ လုပ်ကိုင်သည့် ငါးလုပ်ငန်းနှင့် ဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးသုတေသနလုပ်ငန်းတို့ကို အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

## အခန်း (၄)

## တိုင်းဒေသကြီးဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၈။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် လိုင်စင်သက်တမ်းနှင့် အငှားဂရန်၊ လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) ကမ်းနီးငါးဖမ်းလုပ်ငန်းအတွက် လိုင်စင်ခ၊ ငါးစိုခွန်၊ လှေခွန်၊ မှတ်ပုံတင်ကြေးနှင့် ကျသင့်သော အခွန်အခများကို ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဆ) ဦးစီးဌာနမှူးများ၏လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) ကမ်းနီးငါးဖမ်းလှေများက ပေးဆောင်ရမည့်အခွန်အခများကို ပြည့်မီစွာရရှိအောင် ကောက်ခံခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ ကမ်းနီးငါးဖမ်းရေယာဉ်များကို မှတ်ပုံတင်ထားရှိစေခြင်း၊ အခွန်ကောက်ခံမှု ကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊

(ည) ဝန်ကြီးက အခါအားလျော်စွာ သတ်မှတ်ပေးသည့်တာဝန်များကို ထမ်းဆောင်ခြင်း။

၁၉။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ သဘောတူညီချက်ဖြင့် ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း စိစစ်တွေ့ရှိရလျှင် ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ဌာနကထုတ်ပေးသော အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူ လျှောက်ထားလာလျှင် သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူ ထုတ်ပေးခြင်း၊

(ဃ) နိုင်ငံတော်၏အကျိုးငှာ လိုအပ်လျှင်သော်လည်းကောင်း၊ လုံလောက်သောအကြောင်းရှိလျှင်သော်လည်းကောင်း ဌာနကထုတ်ပေးထားသော မည်သည့်လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(င) ဤဥပဒေအရ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ဌာနမှ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေခြင်း၊

(စ) ရေထွက်ပစ္စည်းဆိုင်ရာ စားသုံးကုန်များအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်ခြင်း ရှိ မရှိ စစ်ဆေးရန် ဌာနမှ စားသုံးကုန်အရည်အသွေး စစ်ဆေးရေးဝန်ထမ်းအား ပြန်တမ်းဝင်အရာရှိတစ်ဦးဦးနှင့်ဖြစ်စေ၊ ဦးစီးဌာနမှူးတစ်ဦးဦးနှင့်ဖြစ်စေ၊ အမှုထမ်းတစ်ဦးဦးနှင့် ဖြစ်စေ တာဝန်ပေးဆောင်ရွက်စေခြင်း၊

(ဆ) ငါးလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက်လည်းကောင်း ငါးလုပ်ငန်းနှင့်ပတ်သက်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်း၊

(ဇ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအား ထုတ်ပေးထားသော အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းပေးကြောင်း စစ်ဆေးတွေ့ရှိရပါက ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ရုပ်သိမ်းခြင်း၊

(ဈ) မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ထုတ်ပေးထားသော နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းပေးကြောင်း သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ယင်းနှစ်ရှည် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ရုပ်သိမ်းခြင်း၊

(ည) ပြန်အမ်းငွေလျှောက်ထားခြင်းကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း။

## အခန်း (၅)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနကသတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဌာနကတာဝန်ပေးအပ်သည့်အခါ ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးရမည်။

(ဃ) မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ လုပ်ကိုင်ခွင့်ပြုစေရမည်။

၂၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

(ခ) ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားခွင့်ရှိသည်။

## အခန်း (၆)

## ဌာနဆိုင်ရာဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ အဆင့်ဆင့်လျှောက်ထားခြင်း

၂၂။ (က) မြို့နယ်ဦးစီးဌာနမှူးက ချထားပေးသည့်လိုင်စင်များနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က) အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည်။

(ဃ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မခွဲ (ဂ) အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၂၃။ (က) ခရိုင်ဦးစီးဌာနမှူးက ချထားပေးသည့်လိုင်စင်များနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က) အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးက ပုဒ်မခွဲ (ခ) အရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ လျှောက်ထားနိုင်သည်။

(ဃ) ဝန်ကြီးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၄။ (က) နိုင်ငံခြားငွေဖြင့် လုပ်ကိုင်သည့်ငါးလုပ်ငန်း သို့မဟုတ် ကမ်းနီးငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ လျှောက်ထားနိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ (က) အရ တိုင်းဒေသကြီးဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီးက ပုဒ်မခွဲ (ခ) အရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ လျှောက်ထားနိုင်သည်။

(ဃ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (ခ) အရ ဝန်ကြီးကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ ပြည်ထောင်စုဝန်ကြီးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေ ရမည်။

## အခန်း (၇)
## တားမြစ်ချက်များ

၂၅။ မည်သူမဆို ဤဥပဒေအရထုတ်ပေးသည့် ငါးဖမ်းကိရိယာလိုင်စင်၊ အငှားဂရန် သို့မဟုတ် တင်ဒါ လိုင်စင်၊ ကမ်းနီးငါးဖမ်းလိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၂၆။ မည်သူမဆို ကမ်းနီးငါးလုပ်ငန်းရေပြင် သို့မဟုတ် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့်ယင်းကဲ့သို့ အန္တရာယ်ဖြစ် စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့်ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) မျိုးရိုးဗီဇပြောင်းလဲထားသည့် တားမြစ်ငါးမျိုးများကို မွေးမြူခြင်း၊

(င) တားမြစ်ထားသော အချိန်ကာလနှင့်နေရာဒေသတွင် ငါးဖမ်းခြင်း။

၂၇။ မည်သူမဆို ကမ်းနီးငါးလုပ်ငန်းရေပြင် သို့မဟုတ် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ ခွင့်ပြုချက်မရရှိဘဲ အပိတ်အဆို့ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုရ။

၂၈။ မည်သူမဆို အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက် ဌာန၏ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ငါးဖမ်းကိရိယာလိုင်စင်၊ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်၊ ကမ်းနီးငါးဖမ်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၃၀။ မည်သူမဆို ကမ်းနီးငါးလုပ်ငန်းရေပြင် သို့မဟုတ် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုတွင် ငါး၊ အခြား ရေနေသတ္တဝါနှင့် သက်ရှိ သက်မဲ့သယံဇာတပစ္စည်းများအား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ပျက်စီး စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

၃၁။ မည်သူမဆို အင်း သို့မဟုတ် အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) အင်း၏ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေထိခိုက်စေရန်၊ အင်းများ တိမ်ကော စေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

၃၂။ မည်သူမဆို ဌာန၏ခွင့်ပြုချက်မရရှိဘဲ အင်း၊ အင်းနှင့်ဆက်စပ်လျက်ရှိသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၃၃။ မည်သူမဆို ငါးလုပ်ငန်းဦးစီးဌာနမှူးက ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးစဉ် ငါး၊ ငါးဖမ်းကိရိယာ၊ အခြားပစ္စည်းနှင့်ငွေစသည်များကို ကွယ်ဝှက်ခြင်း၊ စွန့်ပစ်ခြင်းမပြုရ။

၃၄။ မည်သူမဆို ရေလုပ်သားမှတ်ပုံတင်မရှိဘဲ ငါးလုပ်ငန်းတစ်ခုခုတွင် ရေလုပ်သားအဖြစ် လုပ်ကိုင်ခြင်း မပြုရ။

၃၅။ မည်သူမဆို အောက်ပါရေထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်း၊

(ခ) မျိုးရိုးဗီဇပြောင်းလဲထားသည့် တားမြစ်ငါးမျိုးမှ ထုတ်လုပ်သည့်ရေထွက်ပစ္စည်း၊

(ဂ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးထိခိုက်စေပြီး ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော လူတို့စားသုံးရန် မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း၊ ဓာတုဗေဒပစ္စည်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် အလေးချိန်တိုးရန် တစ်နည်းနည်းဖြင့်ပြုလုပ်ထားသည့် ရေထွက်ပစ္စည်း။

၃၆။ ဤဥပဒေအရ အပ်နှင်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးသော ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းသည် -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိမ်ချန်ခြင်းမပြုရ။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း မပြုရ။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ဤဥပဒေပုဒ်မ ၂၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်မရရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်လျှင် ထိုသူအား ကျပ်တစ်သောင်း (ကျပ် ၁၀၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

(ခ) အငှားဂရန်၊ တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်လျှင် ထိုသူအား ကျပ်လေးသောင်း (ကျပ် ၄၀၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

(ဂ) ကမ်းနီးငါးဖမ်းလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်လျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်း (ကျပ် ၁၀၀၀၀၀) မှ အများဆုံး ကျပ်သုံးသိန်း (ကျပ် ၃၀၀၀၀၀) အထိ ငွေဒဏ် ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သူမဆို ဤဥပဒေပုဒ်မ ၂၆၊ ပုဒ်မ ၂၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်နှစ်သိန်း (ကျပ် ၂၀၀၀၀၀) မှ အများဆုံး ကျပ်ငါးသိန်း (ကျပ် ၅၀၀၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၉။ မည်သူမဆို ဤဥပဒေပုဒ်မ ၂၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်ငါးသောင်း (ကျပ် ၅၀၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို ဤဥပဒေပုဒ်မ ၂၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်လျှင် ထိုသူအား ကျပ် ငါးထောင် (ကျပ် ၅၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) အင်္ဂါးဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်လျှင် ထိုသူအား ကျပ်နှစ်သောင်း (ကျပ် ၂၀၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ကမ်းနီးငါးဖမ်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်လျှင် ထိုသူ အား အနည်းဆုံး ကျပ် တစ်သိန်း (ကျပ် ၁၀၀၀၀၀) မှ အများဆုံး ကျပ်သုံးသိန်း (ကျပ် ၃၀၀၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၄၁။ မည်သူမဆို ဤဥပဒေပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်း (ကျပ် ၅၀၀၀၀) မှ အများဆုံး ကျပ်နှစ်သိန်း (ကျပ် ၂၀၀၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ဤဥပဒေပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်း (ကျပ် ၁၀၀၀၀၀) မှ အများဆုံး ကျပ်ငါးသိန်း (ကျပ် ၅၀၀၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သူမဆို ဤဥပဒေပုဒ်မ ၃၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်း (ကျပ် ၃၀၀၀၀၀) မှ အများဆုံး ကျပ်တစ်ဆယ်သိန်း (ကျပ် ၁၀၀၀၀၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ ဤဥပဒေအရ အပ်နှင်းသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရသော ငါးလုပ်ငန်း ဦးစီးဌာနဝန်ထမ်းသည် ဤဥပဒေပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်ထောင်စုဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည်။

၄၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ပူးပေါင်းပါဝင်ခြင်း ပြုလျှင် ထိုသူအား ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၄၆။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ -

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုခြင်း၊

(ခ) ပြန်အမ်းငွေလျှောက်ထားသည့်ကိစ္စများအား စိစစ်၍ ပြန်လည်ထုတ်ပေးစေခြင်းပြုနိုင်သည်။

၄၇။ ဤဥပဒေ အခန်း (၇) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို သင့်လျော်သောဒဏ်ကြေး ပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့်ဒဏ်ကြေးငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း၊

(င) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို ပြည်ထောင်စုဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(စ) ပုဒ်မခွဲ (က) မှ (င) အထိ ပြဋ္ဌာန်းချက်များတွင် အကျုံးဝင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း။

၄၈။ ငါးလုပ်ငန်းဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါကသက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၄၉။ ဤဥပဒေ အခန်း (၈) ပါ ပြစ်မှုများကို ရဲအရေးပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၀။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

# တနင်္သာရီတိုင်းဒေသကြီး
# ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ (မူကြမ်း)
## (၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေဟု ခေါ်တွင်ရမည်။

(ခ) ဤဥပဒေသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ တနင်္သာရီတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **နည်းဥပဒေ**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(င) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲခြင်း၊ ပို့ဆောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ရန် အစိုးရအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ကော်မတီ**ဆိုသည်မှာ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဆ) **ကော်မတီရုံး**ဆိုသည်မှာ ကော်မတီ၏ရုံးလုပ်ငန်းများ ဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်။

(ဇ) **လက်အောက်ဌာနခွဲ**ဆိုသည်မှာ ကော်မတီမှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် လက်အောက်ဌာနခွဲများကို ဆိုသည်။

(ဈ) **ရုံးအကြီးအကဲ**ဆိုသည်မှာ ကော်မတီရုံး၏တာဝန်ခံဝန်ထမ်းကို ဆိုသည်။

(ည) **ရေယာဉ်**ဆိုသည့်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးဖြင့်သော်လည်းကောင်း ရေပြင်တွင် မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ဋ) **ပုဂ္ဂလိကရေယာဉ်**ဆိုသည်မှာ လူတစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဦးထက်ပိုသောသူများ၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီများက ပိုင်ဆိုင်သောရေယာဉ်ကို ဆိုသည်။

(ဌ) **ရေယာဉ်လိုင်း**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်၊ ချောင်း၊ မြောင်းများတွင် မြို့တစ်မြို့မှ အခြားမြို့တစ်မြို့၊ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ သွားလာပြေးဆွဲသည့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန် ပုဂ္ဂလိကရေယာဉ်များဖြင့် ဖွဲ့စည်းထားသော ရေယာဉ်လိုင်းကို ဆိုသည်။

(ဍ) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ ပုဂ္ဂလိကရေယာဉ်ကို တရားဝင်ပိုင်ဆိုင်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီကို ဆိုသည်။

(ဎ) **ရေယာဉ်အသင်း**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ခရီးသည်ပို့ဆောင်ခြင်း၊ ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းတစ်ခုခုကိုသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း ဆောင်ရွက်ရန် ရေယာဉ်ပိုင်ရှင်များဖြင့် ဖွဲ့စည်းထားသောအသင်းကို ဆိုသည်။

(ဏ) **ရေယာဉ်လုပ်သား**ဆိုသည်မှာ ပုဂ္ဂလိကရေယာဉ်တွင် လုပ်ကိုင်ဆောင်ရွက်ရန် အသိအမှတ်ပြုလက်မှတ် ရရှိထားသည့် ရေယာဉ်မှူး၊ စက်ခန်းအုပ် အပါအဝင် ယင်းရေယာဉ်၌ တာဝန်ထမ်းဆောင်သူများကို ဆိုသည်။

(တ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ဆိုသည်။

## အခန်း (၂)

## တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီးဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီးဦးစီးမှူး<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးဦးစီးမှူး<br>ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဦးစီးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဆိပ်ကမ်းအရာရှိ<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးဦးစီးမှူး<br>မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီးဦးစီးမှူး<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

## အခန်း (၃)

## ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၄။ ကြီးကြပ်ရေးအဖွဲ့သည် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ရေယာဉ်ပိုင်ရှင်များမှ ကိုယ်စားလှယ် (၈) ဦး၊

(ခ) ရေယာဉ်အသင်းမှ ကိုယ်စားလှယ် (၇) ဦး။

၅။ ပုဒ်မ ၄ အရ ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များသည် ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။

၆။ (က) ကော်မတီ၏သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။

(ခ) ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံခွင့် ရှိစေရမည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၇။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခရီးသည်များ၊ ကုန်စည်များ သယ်ယူပို့ဆောင်သည့်ရေယာဉ်များကို ကော်မတီ၏စီမံခန့်ခွဲမှုအရ ဆောင်ရွက်စေခြင်း၊

(ခ) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန်အတွက် ရေယာဉ်လိုင်းနှင့် ရေယာဉ်အသင်းများ သတ်မှတ်ခြင်း၊ ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကိုလည်းကောင်း၊ ရေယာဉ်စီးရေပြောင်းလဲခြင်း၊ ရေယာဉ်အမျိုးအစားပြောင်းလဲခြင်းတို့ကိုလည်းကောင်း၊ ရေယာဉ် အသင်းများ ဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကိုလည်းကောင်း ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဂ) ရေယာဉ်ဆိုက်ကပ်သည့်ဆိပ်ကမ်းများ အသစ်တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်း ခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်ကို လက်ရှိရေယာဉ်လိုင်းမှ အခြားရေယာဉ်လိုင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့၏အတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(င) ခရီးသည်များ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက် လိုအပ်သော အစီအမံများ ရေးဆွဲ ဆောင်ရွက်ခြင်း၊

(စ) သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရန်ပုံငွေများ သုံးစွဲခြင်း။

## အခန်း (၅)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီရုံးနှင့် လက်အောက်ဌာနခွဲများကို ကြီးကြပ်ခြင်း၊

(ခ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ဝန်ထမ်းများ၏လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ဌာနခွဲများ၊ ဝန်ထမ်းများ၊ ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်းများ၊ ရေယာဉ်များ၊ ရေယာဉ်လုပ်သားများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် အမိန့်များ သတ်မှတ်ပေးခြင်း၊

(ဃ) ရုံးအကြီးအကဲနှင့် လိုအပ်သောဝန်ထမ်းများ ခန့်ထားခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို စီမံခန့်ခွဲခြင်း၊

(င) ရေယာဉ်များ ဘေးကင်းလုံခြုံမှုရှိရေးအတွက် ကြိုတင်စီမံဆောင်ရွက်စေခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)
## ဘဏ္ဍာရေး

၉။ ကော်မတီသည် -

(က) မိမိပိုင်ရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်။

(ခ) ရန်ပုံငွေကို ဘဏ်စာရင်းဖွင့်လှစ်၍ ကော်မတီ၏လုပ်ငန်းများအတွက် သုံးစွဲရမည်။

(ဂ) နိုင်ငံခြားငွေများကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်၍ ဆောင်ရွက်ရမည်။

(ဃ) ရန်ပုံငွေရရှိစေရန် ဤဥပဒေနှင့် နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၇)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း

၁၀။ ရုံးအကြီးအကဲသည် -

(က) ဘဏ္ဍာငွေဆိုင်ရာကိစ္စရပ်များ၊ စာရင်းဇယားများကို ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထားသည့်စာရင်းများအား လက်မှတ်ရစာရင်းကိုင်ဖြင့် နှစ်စဉ်အတည်ပြုစစ်ဆေးရမည်။

## အခန်း (၈)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၁။ ကော်မတီသည် -

(က) ကော်မတီရုံးကို ဖွဲ့စည်းတည်ထောင်ရမည်။

(ခ) ဝန်ထမ်းဖွဲ့စည်းပုံကို ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ရေးဆွဲရမည်။

(ဂ) လိုအပ်သောဝန်ထမ်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်ထားနိုင်သည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းအရ အရေးယူခြင်း

၁၂။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရသော်လည်းကောင်း၊ နည်းဥပဒေများအရသော်လည်းကောင်း ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် လိုက်နာရန်ပျက်ကွက်သော လုပ်ငန်းလိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်သောဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၁၃။ ကော်မတီသည် နည်းဥပဒေနှင့်အညီ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် ရေယာဉ်၊ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်လိုင်း သို့မဟုတ် ရေယာဉ်အသင်းအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အနည်းဆုံး ငွေကျပ်တစ်သိန်း (ကျပ် ၁၀၀၀၀၀) မှ အများဆုံး ငွေကျပ်ငါးသိန်း (ကျပ် ၅၀၀၀၀၀) အထိ ဒဏ်ကြေးငွေ ချမှတ်ခြင်း၊

(ဂ) ရေယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

## အခန်း (၁၀)

## အယူခံဝင်ခြင်း

၁၄။ (က) ပုဒ်မ ၁၃ အရ ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အမိန့်ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း ကြီးကြပ်ရေးအဖွဲ့သို့ အယူခံဝင်နိုင်သည်။

(ခ) ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီက ချမှတ်သောအမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

၁၅။ (က) ပုဒ်မ ၁၂ အရ ကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အမိန့်ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ကြီးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) အစိုးရအဖွဲ့က ချမှတ်သောအမိန့်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

## အခန်း (၁၁)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၆။ မည်သူမဆို ဤဥပဒေပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို လိုက်နာရန် တမင်ပျက်ကွက်လျှင် သို့မဟုတ် ထပ်မံကျူးလွန်လျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်နှစ်သိန်း (ကျပ် ၂၀၀၀၀၀) မှ အများဆုံး ငွေဒဏ်ကျပ်တစ်ဆယ်သိန်း (ကျပ် ၁၀၀၀၀၀၀) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)

## အထွေထွေ

၁၇။ ပုဒ်မ ၁၆ အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၁၈။ ပုဒ်မ ၁၆ အရ စွဲဆိုသောအမှုများကို ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က တရားလိုပြုလုပ်၍ စွဲဆိုရမည်။

၁၉။ ဤဥပဒေကို ကျူးလွန်သောပြစ်မှုများအား ဤဥပဒေအရသာ အရေးယူစွဲဆိုရမည်။

၂၀။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) တို့အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၁။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ၊ ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၂၂။ ကော်မတီဝင်များသည် နည်းဥပဒေအရ သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၂၄။ တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ (၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၁။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် ( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

အမှတ် ၁၀ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ရခိုင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို အသစ်ဖြည့်စွက်ကြေညာလိုက်သည် -

**ဇယား "က" လမ်းမကြီးများ**
**ရခိုင်ပြည်နယ်**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | မိုင် | ဖာလုံ | |
| (၁) | (၂) | (၃) | | (၄) | | (၅) | | (၆) |
| ၃၁။ | တပ်တောင်-ရှူးလမ်း | | | ၂၆ | ၁ | | | |

ရခိုင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင် ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင်အရှည်ကို (၉၁၀ မိုင် ၁ ဖာလုံ) အစား (၉၃၆ မိုင် ၂ ဖာလုံ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

စိုးကိုကို၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းစခန်းရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ၊ ဦးစည်သူအောင်အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ GSM မိုဘိုင်းလိုင်းသန်း (၃၀) တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး ဦးစိုးမိုးအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ GSM မိုဘိုင်းလိုင်းသန်း (၃၀) တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး၊ ဦးအောင်ကျော်သက်အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ၊ ဦးငွေစိုးအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်း၊ မန္တလေးမြို့ရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ၊ ဦးငွေသောင်း အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်း ဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ တိုင်းမန်နေဂျာရုံးရှိ လစာနှုန်း (၁၂၀,၀၀၀-၂၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ၊ ဦးကြည်ဝင်းအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းစခန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းစခန်းရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ ရာထူးအနွယ်ပိုင်ဆိုင်ခွင့်ဖြင့် ပြည်ထောင်စုဝန်ကြီးရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော လက်ထောက်အင်ဂျင်နီယာ၊ ဦးအောင်သူရအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းစခန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ GSM မိုဘိုင်းလိုင်းသန်း (၃၀) တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး၊ ဦးမျိုးမင်း အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေး ဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့် တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ

ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ GSM မိုဘိုင်းလိုင်းသန်း (၃၀) တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး၊ ဦးမျိုးစန်းအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လုပ်ငန်းနှင့် စစ်ဆေးရေးဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကယားပြည်နယ်၊ ပြည်နယ်မန်နေဂျာရုံးရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ ရာထူးအနွယ် ပိုင်ဆိုင်ခွင့်ဖြင့် ပြည်ထောင်စုဝန်ကြီးရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော လက်ထောက်အင်ဂျင်နီယာ၊ ဦးကျော်ကျော်စိုးအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ပြည်ထောင်စုဝန်ကြီးရုံးတွင် ဆက်လက်တွဲဖက်တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ၊ ဦးသက်ထွန်းအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းမန်နေဂျာရုံးရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ပြည်ပဆက်သွယ်ရေးစခန်းတွင် တွဲဖက်တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးအေးသန်းအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

အောင်မော်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် ( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ကြယ်တာရာလမ်းကြောင်းအာရှလီမိတက်**

**(Starline Logistics Asia Limited)**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက် နံနက် (၀၉းဝ၀) နာရီအချိန်တွင် အမှတ်-၆၀၈၊ အခန်းအမှတ် (၁၅/စီ)၊ ၁၅-လွှာ၊ ဗိုလ်ဆွန်ပက်ကွန်ဒို၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်။

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းပြရန်။

ခင်စောယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ထိပ်တန်းသင်္ဘောကိုယ်စားလှယ်လီမိတက်**

**(Apex Shipping Agency Limited)**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက် နံနက် (၀၉း၀၀) နာရီအချိန်တွင် အမှတ်-၆၀၈၊ အခန်းအမှတ် (၁၅/အီး)၊ ၁၅-လွှာ၊ ဗိုလ်ဆွန်ပက်ကွန်ဒို၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်။

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းပြရန်။

ခင်စောယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**OPI TRADING CO., LTD ကို**

ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာချက်

၁။ **OPI TRADING CO., LTD** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၅-၁၀-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးခင်ဝင်း B.A, H.G.P, R.L, D.B.L, D.I.L, D.M.L, P.G.D.I.T (New Delhi); D. Jap; M.P.A, M.A (B.L) အား ခန့်အပ်ထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးခင်ဝင်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်ဝင်း
Managing Director
OPI Trading Co., Ltd

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi), D. Jap; M.P.A, M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ကြယ်တာရာလမ်းကြောင်းဝန်ဆောင်မှုအာရှလီမိတက်**

**(Starline Agencies Asia Limited)**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက် နံနက် (၀၉း၀၀) နာရီအချိန်တွင် အမှတ်-၆၀၈၊ အခန်းအမှတ် (၁၅/စီ)၊ ၁၅-လွှာ၊ ဗိုလ်ဆွန်ပက်ကွန်ဒို၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်။

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းပြရန်။

ခင်စောယု

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မြန်မာစီးပွားဆက်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်**

**MYANMAR COMBIZ SERVICES CO., LTD.**

**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာစီးပွားဆက်ဝန်ဆောင်မှုကုမ္ပဏီလီမိတက် (MYANMAR COMBIZ SERVICES CO., LTD.)** အား (၁၆-၁၀-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်စိုးသာ
Chairman
Myanmar Combiz Services Co., Ltd.

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ရွှေမိုးစိမ်း ကုမ္ပဏီလီမိတက်
## SHWE MOE SEIN COMPANY LIMITED.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေမိုးစိမ်း ကုမ္ပဏီလီမိတက် (SHWE MOE SEIN CO., LTD.)** အား (၁၆-၁၀-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စမ်းသီတာစိုး
Director
Shwe Moe Sein Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## Final Meeting
## နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င (၁) အရ **One Energize Centre Co., Ltd.** ဖျက်သိမ်းခြင်းကို (၁၈-၁၁-၂၀၁၃) နေ့ နံနက် ၀၉း၀၀ နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံးအစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Daw Khin Win Yi
B.Com (A.A), C.P.A
Liquidator
Registered Accountant,
Auditor Financial Consultant

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၈-၁၀-၂၀၁၃။